
ဆွေမွန် သုတစာအုပ်

မြတ်ငြိမ်း

# သူတို့လှမ်းခဲ့သည့် ခြေလှမ်းများ



# စေတနာမှန်လျှင်
# အောင်ပွဲဆင်ရမည်

သူမ၏ မူလအလုပ်မှာ အလယ်တန်းဆရာမ ဖြစ်၏။ သင်ကြားသည့် ဘာသာရပ်များမှာ အင်္ဂလိပ်စာနှင့် အနုပညာ။ သူမတွင် စီးပွားရေးလုပ်ငန်း အတွေ့အကြုံဆိုလို့ တစ်စွန်းတစ်စမျှမရှိ။ သို့သော် သူမက ဒေါ်လာသန်းပေါင်းများ စွာတန်သည့် ကုမ္ပဏီကြီးတစ်ခု တည်ထောင်နိုင်ခဲ့၏။ သူမကဲ့သို့သော သာမန်ကျောင်းဆရာမတစ်ဦးက ထိုမျှကြီးမားသည့် ကုမ္ပဏီကြီးတစ်ခုကို ဘယ်လိုလုပ်ပြီးဖန်တီးခဲ့ပါသလဲ။

အသက် ၃၉ နှစ်ရှိပြီဖြစ်သော ဆရာမ ဂျူလီအေ့ဂနာ-ကလပ် တွင် စီးပွားရေးလုပ်ငန်းတစ်ခု အောင်မြင်ဖြစ်ထွန်းအောင် လုပ်ဆောင်လို့ ရလောက်သည့် မဟာဗျူဟာမြောက် စီမံကိန်းဆိုတာမျိုးလည်း ဘယ်တုန်းကမျှ မရှိခဲ့စဖူး။ သို့သော် သူမ တီထွင်ထုတ်လုပ်လိုက်သည့် အိုင်စတိုင်းပေါက်စ ဗီဒီယိုခွေများ သည် ဝက်ဝက်ကွဲ ရောင်းစွံသွားသည် ။ ဗီဒီယိုခွေတွေ ပေါက်သွားတော့ ထိုလမ်းကြောင်းအတိုင်းလိုက်ပြီး စာအုပ်တွေ ရေးသားထုတ်ဝေသည် ။



အိုင်စတိုင်းပေါက်စ ဗီဒီယိုနှင့် စာအုပ်များ သည် ရင်ခွင်ပိုက် ကလေးများ နှင့် တော့တီးတော့တ လမ်းလျှောက်တတ်စ ကလေးများ အတွက် ထုတ်လုပ်သော ရောင်းကုန်များ ဖြစ်၏။ သူမ၏ ဗီဒီယိုခွေနှင့် စာအုပ်များကို ကမ္ဘာတစ်ဝန်းလုံးရှိ ကလေးအမေတွေက စိတ်ဝင်စားကြသည် ။ သူမ၏ ထုတ်ကုန်တွေ သန်းပေါင်းများ စွာ ရောင်းရသည် ။

သူမ ထိုသို့ အောင်မြင်လာခြင်းမှာ သူမ၏ သာမန်လူပြိန်းအသိနှင့် ကျားကုတ်ကျားခဲ ဖွဲ့ခတ်အားထုတ်မှုကြောင့်ဖြစ်သည် ဟု ဂျူလီက ပြောပြသည် ။

သမီးကလေး အက်စ်ပင် ၁၉၉၄ ခုနှစ်တွင် မွေးဖွားလာသောအခါ သူမသည် သမီးကလေးအနီးမှ မခွာချင်တော့။ အက်စ်ပင်သည် သူမဘ၀၊ သူမကမ္ဘာဖြစ်လာသည် ။

"သမီးကလေးဟာ ကျွန်မရဲ့ ကမ္ဘာ ဖြစ်လာတယ်လေ။ ကျွန်မသမီးကလေးနှင့်အတူ ဆော့ကစားချင်တယ်။ သမီးကလေးအတွက် အကျိုးရှိလိမ့်မယ်လို့ စိတ်ထဲမှာ အလိုလိုသိနေတဲ့ ပုံပြင်တွေ စာတွေကို ဖတ်ပြချင်တယ်။

"တစ်ချိန်တည်းမှာ ပဲ ကျွန်မဟာ ကျွန်မ အထူးအလေးထား အာရုံစိုက်ခဲ့တဲ့ ပညာရပ်တွေနဲ့ ကင်းကွာနေပြီဆိုတာကိုလည်း သိမြင်လာတယ် ။ စာပေနဲ့ အနုပညာလေ။ နောက်တော့ ကျွန်မ တစ်မျိုးတွေးမိတယ်ရှင့်။ အဲဒီပညာ နှစ်မျိုးကို ကျွန်မ ချစ်မြတ်နိုးသလို ကျွန်မသမီးကလေးကလည်း ချစ်မယ်၊ မြတ်နိုးမယ်ဆိုရင် အရမ်းကောင်းမှာ ပဲလို့ "

သို့သော် ဈေးကွက်ထဲရှိ ပညာပေးထုတ်ကုန်များမှာ တော့တီးတော့တ ကလေးများ ထက် အသက်ကြီးသည့် ကလေးများ အတွက်သာဖြစ်နေကြောင်း ဂျူလီတွေ့ရ၏။ အက်စ်ပင်က အရုပ်တွေကြည့်ရတာ ဝါသနာပါသည် ။ ဂျူလီကတော့ ဂန္တဝင်တေးဂီတကို မြတ်နိုးသည် ။ ထိုသို့ တစ်နယ်စီခြားနေသည့် ဝါသနာနှစ်မျိုးကို သာမန်ဘဝပေးအသိက ပေါင်းကူးဆက်စပ် ပေးလိုက်၏။

သူမ၏ စိတ်ကူးကို မိတ်ဆွေအပေါင်းအသင်းများက သိပ်အထင်မကြီးကြ။ အလုပ်ဖြစ်လိမ့်မည်ဟု လည်း တယ်ပြီးမထင်ကြ။ လက်လီအရောင်းသမားများက သူမ၏ စိတ်ကူးကို နေ့မကူးမီပျောက်သွားမည့် ပေါ်ပင်စိတ်ကူးတစ်ခုပါဟု ထင်မြင်သတ်မှတ်ကြသည် ။ သို့ပေမဲ့ ဂျူလီကတော့ သူမ၏ စိတ်ကူးသည် အဓိပ္ပါယ်ရှိသည့် စိတ်ကူးဖြစ်သည် ဟု ရင်မှာ စွဲပိုက်ထားသည် ။

"ဒီအစီအစဉ်ကို ကျွန်မသမီးကလေး ကြိုက်မယ်ဆိုရင် တခြားကလေးပေါက်စတွေလည်း ကြိုက်မှာ ပဲဆိုတာ ကျွန်မသိနေတယ်လေ"

သို့ဖြင့် ဂျူလီကလပ်သည် အိုင်စတိုင်းပေါက်စကုမ္ပဏီကို ၁၉၉၇ ခုနှစ်တွင် တည်ထောင်သည် ။ ပြီးတော့ ပထမဆုံး ဗီဒီယိုခွေကို သူမ၏ အိမ်အောက်ခန်းတွင် စတင်ရိုက်ကူးသည် ။ ဇာတ်ဝင်ပစ္စည်းများမှာ သူမတစ်သက်လုံး မြတ်မြတ်နိုးနိုး စုဆောင်းသိမ်းဆည်းထားသည့် အဆာသွပ်တိရစ္ဆာန်ရုပ်ကလေးတွေ၊ ကစားစရာအရုပ်ကလေးတွေ။ ငှားထားသည့် ဗီဒီယိုကင်မရာဖြင့် အိုင်စတိုင်းပေါက်စ ဗီဒီယိုကို ရိုက်ပေးသူမှာ သူမ၏ ခင်ပွန်းသည် ဘီလ်ကလပ်။

ကလပ်ဇနီးမောင်နှံက သူတို့ ၏ စုငွေထဲမှ ဒေါ်လာ ၁၅,၀၀၀ ထုတ်ယူပြီး သူတို့ ၏ စီမံကိန်းကို အကောင်အထည်ဖော်သည် ။

"လုပ်ငန်းတစ်ခုလုပ်ဖို့ သိမ်များ ပြားလှတဲ့ ငွေကြေးပမာဏတော့ မဟုတ်ဘူး ရှင့်။ ဒါပေမဲ့ ကျွန်မက အလုပ်ထွက်ထားပြီလေ။ သတိရနေပါသေးတယ်၊ ကျွန်မရဲ့ မိဘနှစ်ပါးက ခေါင်းတွေ လေးလေးလံလံကြီး ယမ်းခါပြီး ‘အိုး ... ဒုက္ခပါပဲ၊ ဂျူလီရယ်၊ သမီးဘာတွေ လျှောက်လုပ်နေတာလဲ။ ဒီလုပ်ငန်းမျိုးက ကုန်ကျစရိတ်တွေကြီးပါဘိသနဲ့ ’ လို့ ပြောကြတယ်လေ"

သို့သော် သူတို့ ဇနီးမောင်နှံ အောင်မြင်ခဲ့သည် ။ ၎င်းအောင်မြင်မှုကို ရ စေ သ ည ့်တ ွန ်းအ ၁းမ ၂၁ မိသားစုပိုင်စုငွေကလေး ဆုံးရှုံးပျောက်ပျယ်မသွားစေရဟူသော ခိုင်မာသည့်စိတ်ပိုင်းဖြတ်မှုဖြစ်သည် ဟု သူတို့ ကပြောသည် ။ သူတို့ ကျားကုတ်ကျားခဲ လုပ်မည့်သာလုပ်ကြသည် ၊ သူတို့ ၏ အရဲကိုးစွန့်စားရမှုက ကြီးမားလှသည် ။

"ကျွန်မက ကျောင်းဆရာမတစ်ယောက်လေ၊ စွန့်ဦးတီထွင် စီးပွားရေးလုပ်ငန်းရှင်မှ မဟုတ်တာ"

သူမအတွက် ဖြန့်ချိရေးသမားတစ်ဦး လိုအပ်ကြောင်း သဘောပေါ

က်သည့် ဂျူလီက ရင်ခွင်ပိုက်ကလေးသူငယ်များ အတွက် မဆိုစလော က်ကလေး ဈေးကြီးသည့်ပစ္စည်းများ ရောင်းချသည့် လမ်းမှန်ကမ်းမှန်ပျိုးထောင်ခြင်း ကုမ္ပဏီကိုတွေ့သည် ။ နှစ်သက်သ ဘောကျသည် ။

တစ်နိုင်ငံလုံးတွင် ထိုကုမ္ပဏီပိုင် လက်လီစတိုးဆိုင်ပေါင်း ၄၀ ခန့်ရှိ သည် ။ မိမိရင်သွေးငယ်၏ ဘဝအတွက် ရင်းနှီးမြှုပ်နှံလိုသော သူမလိုပ ညာတတ်မိခင်များ အတွက် စာတိုက်မှ တစ်ဆင့် မှာ ယူရောင်းချသည့် ကြီးကြီးမားမား လုပ်ငန်းကြီးလည်း ထိုကုမ္ပဏီတွင် ရှိသည် ။

ဂျူလီက လေယာဉ်စီးပြီး နယူးယောက်မြို့တော်သို့ ချီတက်သည် ။ န ယူးယောက်မြို့တော်တွင် ကျင်းပမည့် ထုတ်ကုန်ပစ္စည်းပြပွဲနှစ်ပတ်လ ည်အခမ်းအနား၌ ကလေးကစားစရာပစ္စည်းပြပွဲလည်း ပါဝင်မည်။ သူမ အနေဖြင့် ထိုပြပွဲတွင် ပြခန်းတစ်ခန်းငှားရလောက်အောင် ငွေကြေးမတ တ်နိုင်။ လမ်းမှန်ကမ်းမှန်ပျိုးထောင်ခြင်း ကုမ္ပဏီကလည်း ပြခန်းငှားမ ထား။ သည် တော့ ပြပွဲလာ ပရိသတ် ၂၀၀၀၀ ခန့်ကို ဂျူလီအာရုံဖြန့်ကြ ည့်သည် ။ စူးစမ်းလေ့လာသည် ။ ပထမနေ့တွင် ဘာမျှထူးထူးခြားခြား မတွေ့ရ။ နောက်တစ်နေ့တွင် မှ လမ်းမှန်ကမ်းမှန်ပျိုးထောင်ခြင်း ကုမ္ပ ဏီ ရင်ထိုးတွေတပ်ထားသည့် အုပ်စုတစ်စုကိုတွေ့ရသည် ။

"ကျွန်မစိတ်လှုပ်ရှားလွန်းတာနဲ့ အဲဒီ အမျိုးသမီးတွေဆီ အတင်းသွားတော့တာပဲ။ အဲဒီအမျိုးသမီးတွေတောင် အလန့်တကြားဖြ စ်ကုန်တယ်လေ။ ရှင်တို့ ဒီပစ္စည်းကို ရှင်တို့ ဆိုင်မှာ ရောင်းမှ ကို ဖြစ်မ ယ်နော်" လို့ ကျွန်မပြောချလိုက်တယ်။ တခြားမိန်းမတွေ ပြူးတူးပျာတာ ဖြစ်သွားပေမယ့် ဝင်ဒီဆိုတဲ့ မိန်းမတစ်ယောက်ကတော့ ကျွန်မရဲ့ ဗီဒီယို ခွေကို လက်ခံယူထားလိုက်တယ်"

သီတင်းပတ်တွေသာ တစ်ပတ်ပြီးတစ်ပတ် ကုန်လွန်သွားသည် ။ ဝင်ဒီဆီမှ အကြောင်းပြန်ချက်မရ။ သို့ဖြင့်ဂျူလီက လမ်းမှန်ကမ်းမှန်ပျိုးထောင်ခြင်း ရုံးချုပ်သို့ တယ်လီဖုန်း ဆက်ကြည့်သည် ။

"ကျွန်မ အမှုဆောင်အရာရှိကြီးတစ်ဦးရဲ့ လေသံမျိုးနဲ့ ပြောတာပေါ့ရှင်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်မက ကြမ်းပြင်ပေါ်မှာ ထိုင်လို့ ရှင့်။ သမီးလေးရဲ့ ကလေးခါးတောင်ကျိုက်ကလေး လဲပေးနေရတာလေ"

ဧည့်ကြိုစာရေးမက ဂျူလီ့ ဦးခေါင်းပေါ်သို့ ဗုံးတစ်လုံးပစ်ချလိုက်သည် ။ ဝင်ဒီကုမ္ပဏီမှ အလုပ်ထွက်သွားပါပြီရှင်တဲ့ ။ သို့ပေမဲ့ ဂျူလီတစ်ယောက် တစ်ချက်ကလေးမျှ တွန့်ရွံ့မသွား။ ဝင်ဒီ့နေရာတွင် ရောက်လာသူနှင့် စကားပြောပါရစေဟု မေတ္တာရပ်ခံသည် ။ တာဝန်ခံအသစ်နှင့် တိုက်ရိုက်စကားပြောခွင့်တော့မရ။ သို့သော် သူမမှာ ကြားချင်သည့်သတင်းကို အသံသွင်းထားခွင့်ရသည် ။ သည် တော့ မုသားမပါ လက်မချောဆိုသလို မိမိ၏ ဇာတ်လမ်းကိုတော့ မဆိုသလောက်ကလေး လှည့်ပတ်လိုက်ဖို့ ဆုံးဖြတ်လိုက်၏။

"အိုင်စတိုင်းပေါက်စ ဗီဒီယိုခွေကို ဝင်ဒီကတော့သဘောကျတယ်ရှင့်" လို့ ကျွန်မ ပြောလိုက်တယ်။ ‘အဲဒီအခွေကို ရှင်မကြည့်ရသေးဘူးထင်ပါရဲ့ ’ လို့ လည်း ပြောလိုက်တယ်"

ထို့နောက် တယ်လီဖုန်းချသည် ။ တာဝန်ခံအသစ်က အိုင်စတိုင်းပေါက်စကို နှစ်ခြိုက်သဘောကျပါစေဟု ဆုတောင်းနေမိ၏။

ရက်အနည်းငယ်အကြာတွင် ဂျူလီထံတယ်လီဖုန်းဝင်လာသည် ။ လမ်းမှန်ကမ်းမှန်ပျိုးထောင်ခြင်း ကုမ္ပဏီက သူတို့ ၏ စတိုးဆိုင်များ တွင် အစမ်းတင်ကြည့်ဖို့ ဗီဒီယိုအခွေ ၁၀၀ မှာ သည် ။ နောက်သုံးရက်အကြာတွင် တယ်လီဖုန်းဆက်ကြပြန်သည် ။ အစမ်းတင်ထားသည့် အခွေတွေ

ကုန်သွားပါပြီတဲ့ ။ သူတို့ နောက်ထပ်မှာ ကြသည် ။

"ဒီအလုပ်မျိုးလုပ်ရတာ နည်းနည်းတော့ စွန့်စားရတာပေ့ါရှင်"ဟု ဂျူလီကလပ်က ဝန်ခံစကားပြောသည် ။ "နောက်ပြီး...ဟုတ်တယ်လေ ...ကျွန်မ အပြစ်ကင်းတဲ့ မုသားစကားလေး ပြောခဲ့ရတယ်။ ဒါပေမဲ့ ကျွန်မထပြီးပေါက်ပုံပေါက်နည်းက အဲဒီအတိုင်းပါပဲ။ အဲဒီနောက်မှာ တော့ တစ်ဆင့်စကားတစ်ဆင့်ကြားပေ့ါရှင်။ မေမေတွေက တခြားမေမေတွေကို ပြောပြ။ တခြားမေမေတွေက နောက်ထပ် တခြားမေမေတွေကို ပြောပြနဲ့ ပန်းသတင်းလေညှင်းဆောင်တဲ့ သဘောပါပဲလေ"

ဂျူလီကဖွဲ့ရှိသည် ။ အလုပ်ကိုကျားကုတ်ကျားခဲလုပ်သည် ။ ပြီးတော့ သူမ တီထွင်ထားသည့်ကုန်ပစ္စည်းကို သူမမြတ်နိုးသည် ။ တွယ်တာသည် ။ သို့ဖြင့် ကုမ္ပဏီတည်ထောင်ဖြစ်သည် ။ ဂျူလီ၏ ဝမ်းကျောင်းလုပ်ငန်းအသစ်လည်း လမ်းစပေါ်လာသည် ။ သို့သော် ဂျူလီကိုယ်တိုင်သူမကိုယ် သူမ အံ့သြနေမိသည် ။ သူမသည် 'ဆန်းသစ်တီထွင်ရခြင်းကို အစွဲကြီးစွဲနေမိ'ပါပြီကော။

အိုင်စတိုင်းပေါက်စ ဗီဒီယိုပြီးတော့ မိုးဇတ်ပေါက်စ၊ ပြီးတော့ ရှိတ်စပီးယားပေါက်စ၊ ပြီးတော့ ဗန်ဂိုးပေါက်စ၊ နောက်ထပ်ပေါက်စတွေ အများကြီး။

ကုမ္ပဏီတည်ထောင်ပြီး ပထမနှစ်တွင် အကြမ်းအမြတ်ဒေါ်လာ ၁၀၀,၀၀၀ ရသည် ။ ထို့နောက် ဒုတိယနှစ်တွင် ဒေါ်လာ ၁ သန်း၊ တတိယနှစ်တွင် ဒေါ်လာ ၅ သန်းနှင့်ပဥ္စမနှစ်တွင် ဒေါ်လာသန်း ၂၀ ကျော် မြတ်သည် ။

သူတို့ ကုမ္ပဏီတွင် ဂျူလီကလပ်က အမှုဆောင်အရာရှိချုပ်။ သူမ၏ ခင်ပွန်းသည် က ဘဏ္ဍာရေးအရာရှိချုပ်။

"ကျွန်မတို့ ရဲ့ ဘဝမှာ မရဘူးတဲ့ ငွေတွေ၊ မျှော်မှန်းမထားဘူးတဲ့ ငွေတွေ ရတာကလား၊ ကျွန်မတို့ မှာ ရင်တွေတသိမ့်သိမ့်ခုန် ကြရတာပေါ့ရှင်"

သို့သော် လိုက်လှဲဝမ်းသာလည်း ဖြစ်ရသည် ။ "တကယ်တမ်းကျတော့ ကျွန်မရဲ့ မိခင်ဘဝအပြင် ဝမ်းကျောင်းလုပ်ငန်းရှင်ဘဝကို ရလာဖို့ အစပျိုးခဲ့တဲ့ အိုင်စတိုင်းပေါက်စ ဗီဒီယိုခွေဆိုတာ အပျော်သဘော စမ်းလုပ်ကြည့်တဲ့ အဆင့်လောက်ရှိတာရှင့်"ဟု ဂျူလီကရှင်းပြသည် ။ ထိုသို့ ရှင်းပြချိန်တွင် သူမ၌ ဒုတိယကိုယ်ဝန်ရှိနေပြီ။

"ဘီလ်နဲ့ ကျွန်မ တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ပြောလိုက်မိကြတယ်။ 'ဖြစ်ပေါ်လာတဲ့ အကျိုးအမြတ်တွေကို အများဆုံးခံစားရမယ့်သူတွေဖြစ်တဲ့ ကျွန်မတို့ ရဲ့ ကလေးတွေဟာ အကျိုးအမြတ်ကို အနည်းဆုံး ခံစားရသူတွေ ဖြစ်နေပါပေါ့လား'လို့ "

သူတို့ လင်မယားက အိုင်စတိုင်းပေါက်စ ဗီဒီယိုခွေကို ၂၀၀၁ ခုနှစ်၌ ဒစ္စနေကုမ္ပဏီသို့ ရောင်းလိုက်သည် ။ ကနဦးပိုင်းတွင် ရင်နင့်နာကျင် ရသည့်ရွေးချယ်မှုတစ်ရပ်။ သို့သော် "နောက်ဆုံးတော့လည်း အဲဒီလိုလုပ်ရကျိုးနပ်ပါတယ်လေ"ဟု ဂျူလီကပြောသည် ။ သူတို့ သည် သူတို့ ၏ ကလေးများ နှင့် အချိန်ကြာကြာနေခွင့် ပိုရလာသည် ။ ကလေးတွေစိတ်ဝင်စားသည့် နေရာဒေသများ သို့ အပျော်ခရီးများ ထွက်နိုင်ကြသည် ။

ထို့အပြင် သူတို့ ဇနီးမောင်နှံတွင် လုပ်ငန်းသစ်တစ်ခု လုပ်ကိုင်နိုင်လောက်အောင် ငွေကြေးပြည့်ပြည့်စုံစုံ လုံလုံလောက်လောက် ရှိနေပြီ။ သို့ဖြင့် မိဘများ နှင့် ကလေးများ အတွက် ဘေးအန္တရာယ် လုံခြုံစိတ်ချစေမည့် အချက်အလက်များကို အမေရိကတွင် အလိုချင်ဆုံး ရုပ်မြင်သံကြားအစီအစဉ်မှ အစဉ်တစိုက် တင်ပြနေသည့် ဂျွန်ဝေါလ်ရှ်နှ

င့် ပူးပေါင်းပြီး စိတ်ချရစေဖို့ လုပ်ငန်းကို တည်ထောင်သည် ။

"အန္တရာယ်ရှိတဲ့ အခြေအနေမျိုးတွေနဲ့ ထိပ်တိုက်တိုးနေရင် ကျွန်မရဲ့ ကလေးတွေ မှန်ကန်တဲ့ ရွေးချယ်မှုတွေ ပြုလုပ်တတ်စေချင်တယ်လေ" ဟု ဂျူလီကလပ်ကပြောသည် ။ "ဒါပေမဲ့ သူတို့ ကလေးတွေ ဘေးကင်း အန္တရာယ်ကင်းအောင် ဘယ်လိုနေထိုင် သွားလာရမယ်ဆိုတာ ပညာပေးမယ့် အစီအစဉ်တွေ ဈေးကွက်ထဲမှာ တစ်ခုမှ မတွေ့ရဘူးရှင့်"

စိတ်ချရစေဖို့ ပညာပေးအစီအစဉ်ထဲတွင် ဒီဗီဒီဓာတ်ပြားများ ၊ လုံခြုံရေးအသုံးအဆောင်ပစ္စည်းများ ပါသည့် အထုပ်များ နှင့် နားကွဲမတတ် အသံစူးစူးရှရှမြည်သည့် ဝီစီတစ်ခု စသည့်တို့ ပါဝင်၏။ ဂျူလီကလပ်က ၎င်းပစ္စည်းများ ရောင်းရငွေ၏ ဆယ်ရာခိုင်နှုန်းကို ပျောက်ဆုံးနေသောကလေးများ နှင့် ခေါင်းပုံဖြတ် အသုံးချခံကလေးများ ကယ်ဆယ်ရေးဌာနသို့ လှူဒါန်းသည် ။

"ကလေးတွေ ဘေးအန္တရာယ်ကင်းအောင် ထိန်းသိမ်းထားရေး...အဲဒါက စီးပွားရေးထက်ပိုပြီးအရေးကြီးပါတယ်။ အဲဒါက အဓိကအကြောင်းရင်း ဖြစ် လာပြီလေ"

ဤကား ဟားဗတ်စီးပွားရေးတက္ကသိုလ်တွင် ဟောပြောစဉ် ဂျူလီကလပ် ထုတ်ဖော်ပြောပြသွားသည့် လျှို့ဝှက်ချက်ပါတည်း။

"အဲဒီလိုလူစားတွေ ကျွန်မနံဘေးမှာ ပတ်လည်ဝိုင်းနေတာပေါ့၊ စီးပွားရေးလုပ်ငန်းတွေ တည်ထောင်ပြီး ဒေါ်လာတွေ ကုဋေနဲ့ ချီပြီး ရချင်တဲ့ သူတွေလေ။ ဒါပေမဲ့ ကျွန်မကုမ္ပဏီစထောင်ခဲ့တာ အဲဒီအကြောင်းတွေကြောင့်မှ မဟုတ်ဘဲ၊ မှန်တယ်၊ ကျွန်မ ကုမ္ပဏီထောင်ခဲ့တယ်၊ ဘာဖြစ်လို့ လဲဆိုတော့ ကျွန်မလုပ်နေတဲ့ အလုပ်အပေါ်မှာ ယုံကြည်မှုရှိလို့ ၊ နောက်ပြီး အများ နဲ့ မတူတစ်မူကွဲအောင် ကျွန်မ ဆောင်ရွက်နိုင်တ

ယ်ဆိုတာ ယုံကြည်မှုရှိလို့။

"တစ်ခါတလေကျတော့ ဒေါ်လာတွေ သန်းပေါင်းများ စွာရရေးအတွက် ကုမ္ပဏီတည်ထောင်တာထက် သင့်မြတ်မှန်ကန်တဲ့ အကြောင်းတရားတွေအတွက် ကုမ္ပဏီတစ်ခုတည်ထောင်ခြင်းက ပိုပြီးတောင် အကျိုးအမြတ်တွေ သီးပွင့်လာသေးတယ်။ အဲ့ဒီအဆင့်ကတော့ အလွန်မတန်နေပျော်နေထိုက်တဲ့ အဆင့်မျိုးပေ့ါရှင်"

**No GUTS, No GLORY by MARIA BARTIROMO**
**R.D June, 2006**

*****

## စာတစ်အုပ်
## ဘဝတစ်ချိုး

သူငယ်ချင်းတစ်ယောက်က ရွှန်မေယာအား ဆေးမင်ကြောင်(တက်တူး) ထိုးပေးသည် ။ ထိုးပေးသည့်ပုံကလည်း ခပ်ကြမ်းကြမ်းပါပဲ။ လှလှပပကြီးမဟုတ်။ ထိုစဉ်က ရွှန်မေယာ အသက် ၁၄ နှစ်ပဲရှိသေးသည် ။ လော့စ်အိန်ဂျလိစ်မြို့တွင် အုပ်စုဖွဲ့ပြီး တေပေလေလွင့်နေသည့် သူ့သူငယ်ချင်း တော်တော်များများ နည်းတူ သူသည် လည်း အလယ်တန်းပင်မအောင်ပဲ ကျောင်းထွက်လာသူ။

မြို့ထဲတွင် အုပ်စုဖွဲ့ တေပေလေလွင့်နေသူကလေးများ ထုံးစံအတိုင်း ရွှန်မေယာသည် လည်း အလွန်လက်ယဉ်သူ ဖြစ်၏။ ထစ်ခနဲဆို သူက ထိုးပြီး ကြိတ်ပြီး ဖြစ်နေသည် ချည်း။ ထိုသို့သော ရန်ပွဲများကိုလည်း ပုံမှန်ကြီး ဆိုရလောက်အောင် တစ်ပွဲပြီးတစ်ပွဲ နွှဲနေသူ။

ယခုတော့ ရွှန်မေယာဆိုသည့် ငတေငပေကလေးသည် ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီတွင် ထုတ်လုပ်ရေးမန်နေဂျာချုပ် ဖြစ်နေပြီ။ ဟောလိဝုဒ်ရှိ အအောင်မြင်ဆုံး စီးပွားရေးစွမ်းဆောင်ရှင်များ နည်းတူ ရွှန်မေယာသည် လည်း ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီနှင့် ပတ်သက်လာပါက ဆရာမပါလျှင် အလှူမပြီး ဆိုသကဲ့သို့ ဖြစ်နေ၏။



ယူနီဗာဆယ်ကုမ္ပဏီမှ ရိုက်ကူးထုတ်လုပ်သည့် ရုပ်ရှင်ဇာတ်ကားတွေ၊ ယူနီဗာဆယ်ပန်းခြံများ နှင့် အပန်းဖြေစခန်းများ ..။ ယူနီဗာဆယ်ကုမ္ပဏီမှ ဒေါ်လာသန်းပေါင်းများ စွာ အကုန်အကျခံပြီး ရိုက်ကူးသည့် ရုပ်ရှင်ကားကြီးများကို ကြီးကြပ်ကွပ်ကဲရသူမှာ ရွှန်မေယာသာ ဖြစ်၏။ ကင်းကောင်လိုဇာတ်ကားမျိုး စင်ဒရဲလားလို ဇာတ်ကားမျိုးတွေ ...။

ခုချိန်ခုခါမျိုးတွင် ရွှန်မေယာအနေဖြင့် သူ့ကိုယ်ပေါ်တွင် ထိုးထားသည့် တက်တူးအရုပ်များကို အလွယ်တကူ ဖျက်ပစ်လို့ ရသည် ။ သို့ပေမဲ့ သူက မဖျက်ချင်။ ဖျက်ပစ်ဖို့ စိတ်မဝင်စား။

သည် အရုပ်များက သူ့ဘဝကိုမမေ့အောင် သတိပေးနေသည် ။ ယခု သည် ဘဝမျိုးရောက်အောင် ဘဝခရီးကြမ်းကို သူဘယ်လိုလျှောက်လှမ်းခဲ့ရသလဲဆိုတာတွေ အမှတ်ရနေစေ၏။

ဘဝခရီးတစ်လျှောက်တွင် သူရွေးချယ်ခဲ့သောလမ်းတွေ ...။ ရွေးချယ်မှု အမှန်တွေနှင့် အမှားတွေ ...။ လမ်းမှန်တွေနှင့်လမ်းမှားတွေ ...။

ပြောရမည်ဆိုလျှင် မေယာ့ဘဝဇာတ်လမ်းသည် ယခု သူကြီးကြပ်ထုတ်လုပ်နေသည့် ရုပ်ရှင်ဇာတ်ကားတွေထဲက ဇာတ်လမ်းတစ်ခုလိုလို။ အမေရိကတွင် လာရောက်အခြေစိုက် နေထိုင်သော ဂျာမန်မိဘများမှ ပေါက်ဖွားလာသည့် ရွှန်မေယာ၏ ငယ်ဘဝသည် သိပ်ပြီး ပြည့်ပြည့်စုံစုံ၊ ဖူးဖူးလုံလုံကြီးမဟုတ်။ သူ့မိဘများ သည် ရသည့်ဝင်ငွေကလေးကို တိုင်းထွာခြစ်ခြုတ် သုံးစွဲပြီး အသက်ဆက်ကြရသည် ။ သူတို့ မိသားစု စားသောက်ဆိုင်တစ်ဆိုင်သို့ သွားရောက်စားသောက်နိုင်သည် ဆိုလျှင် လက်ခမောင်းထခတ်ပြီး "ငါကွ" ဟု ကြုံးဝါးရမည့်အနေအထားမျိုး။

အသက် ၁၅ နှစ်တွင် အလယ်တန်းကျောင်းမှ ထွက်ခဲ့သည် ။ သူ့ဘဝ၏ အချိန်တော်တော်များများကို သေနတ်ပစ်ကစားကွင်းမှာ အချိန်ဖြုန်းသည် ။ သူ့အိမ်နှင့် မလှမ်းမကမ်းရှိ အားကစားရုံတွင် လက်ဝှေ့ထိုးသည် ။ နောက်ပြီး နီးနာဝခန်းကျင်မှ ငတေငပေကလေးများ နှင့် တေပေလေလွင့်သည် ။

သူက ဟုတ်တိပတ်တိ ကျောင်းပညာတတ်သူမဟုတ်။ နောက်ပြီး သူ့မှာ ဘဝရည်မှန်းချက်ရယ်လို့ လည်း တိတိကျကျမရှိ။ သည် တော့ စစ်တပ်ထဲဝင်ပြီး ဗီယက်နမ်စစ်ပွဲသို့ လိုက်သွားမည်ဟု တွက်သည် ။ သို့ဖြင့် ကမ်းတက်တပ်ဖွဲ့တွင် လက်ဝှေ့သင်တန်းတစ်ခု ဖွင့်မည်ဖြစ်ကြောင်း သတင်းရသည် နှင့် သွားပြီးစာရင်းသွင်းလိုက်၏။

တစ်ချိတွင် သူ့မှာ ဝက်သက်တွေပေါက်သဖြင့် အခြားသူများအား ရောဂါမကူးအောင် တစ်သီးတစ်ခြား ခွဲထားခြင်းခံရ၏။ သူ့အား သီးခြား ခွဲထားသည့်အခန်းတွင် ရုပ်မြင်သံကြားစက်ပင်မရှိ။ တခြားလုပ်စရာလည်း ဘာမှုမရှိ။

သို့ဖြင့် သူ ဖတ်ဖို့ စာအုပ်နှစ်အုပ်ကို သူ့မေမေက ပို့ပေးသည် ။ The Amboy Dukes ဆိုသည့် စာအုပ်ကတစ်အုပ်။ နောက်တစ်အုပ်ကတော့ The Flesh Peddlers၊ သည် စာအုပ်က စွမ်းရည်ထူးသူများ အတွက် ဝန်ဆောင်မှုလုပ်ငန်းတစ်ခု လုပ်ကိုင်ရင်း အောင်မြင်ကြွယ်ဝလာသူတစ်ဦး အကြောင်း ရေးထားသည့်စာအုပ်။ ထိုစာအုပ်ကို ဖတ်ပြီးသောအခါ သူ့ အတွေးအမြင်တွေ ပြောင်းလာကြောင်း ရွှန်က ပြန်ပြောပြသည် ။

"အဲဒီမှာ တင် ကိုယ့်ကိုယ်ကို သိမြင်သဘောပေါက်လာတယ်ဗျ၊ ငါ ဟာ ဟိုတုန်းကလို ငတုံးငတေကလေး မဟုတ်တော့ပါကလားလို့ ။ အဲဒီ အခါမှာ ကိုယ့်ဘဝကိုယ် ပြုပြင်ပြောင်းလဲချင်စိတ် ပေါက်လာတော့တယ်"

"တွေ့တဲ့ လူတိုင်းက ကျွန်တော့်ကို ခါထုတ်တာပါပဲဗျာ။ ကျွန်တော့်မှာ ကျောင်းပညာအခြေခံ မရှိဘူး။ ဩဇာအာဏာကြီးသူတွေရဲ့ ကျောထောက်နောက်ခံ မရှိသလို ငွေလည်း မတတ်နိုင်ဘူးလေ။ ဒီတော့ ဘယ်မျက်နှာကိုင့်ပြီး ကျွန်တော့်ကို အလုပ်ပေးမလဲ။ ဒီတော့ ကျွန်တော်အလုပ်မရတာ အထူးအဆန်းကြီး ဖြစ်မနေပါဘူး"

သို့ပေမဲ့ လက်ဖွေ့သမားကောင်းတစ်ဦး ဖြစ်လာအောင် သူ့အားအထောက်အကူပြုခဲ့သည့် လက်တွေ့ကျကျ စဉ်းစားလုပ်ကိုင်တတ်ခြင်းနှင့် သတ္တိရှိခြင်းဆိုသည့် စွမ်းရည်နှစ်ရပ်က အလုပ်တစ်ခုကို မဖြစ်မနေ လုပ်ဖြစ်အောင် သူ့အား တွန်းအားပေးခဲ့၏။

"ကျွန်တော် မအောင်မြင်မှာ ကြောက်တယ်။ နောက်ပြီး မအောင်မမြင်လည်း အဖြစ်မခံနိုင်ဘူး။ ဘာဖြစ်လို့ လည်း ဆိုတော့ ကျွန်တော် လူတစ်ယောက်အဖြစ် ရှင်သန်နေထိုင်ရဦးမယ်လေ။ ဒီတော့ ဝမ်းရေးအတွက် ငွေရှာရဦးမှာ ပေါ့"

မေယာက ရသည့်အလုပ်ကိုလုပ်သည် ။ ဘတ်စကားစပယ်ယာ လုပ်သည် ။ အမြန်ပြင် စားဖွယ်များ ချက်ပြုတ်သည့် စားဖိုမှူးလုပ်သည် ။ မိတ္တူကူးစက်များမှ အမဲဆီများ သုတ်သင်သန့်ရှင်းပေးသည့် အလုပ်လုပ်သည် ။ ရှူးဖိနပ်များ ရောင်းချသည် ။

"အလုပ်အကိုင်တစ်ခု ရပြီဆိုတာနဲ့ ကျွန်တော် အားသွန်ခွန်စိုက်လုပ်တယ်ဗျ"ဟု မေယာကပြောသည် ။ "ဘတ်စကားစပယ်ယာအလုပ်ကိုလုပ ်နေ ခ ျိန ်မ ှာ ကျွန်တော် အတော်ဆုံးဘတ်စကားစပယ်ယာဖြစ်အောင်ကြိုးစားတာပဲ"

သူ၏ အဆိုပါခံယူချက်ကို လူတွေကသဘောကျသည် ။ သူ့ကို မှတ်မှတ်ရရ ဖြစ်စေသည် ။ အဝတ်အထည်များ ရောင်းသည့် စတိုးဆိုင်တစ်ဆိုင်တွင် အလုပ်ဝင်လုပ်နေခိုက် ပေါလ်ခိုနာအေဂျင်စီက သူ့ကိုခေါ်သည် ။

သူတို့ ကုမ္ပဏီမှ အလုပ်ထွက်သွားသည့် ဆက်သားတစ်ဦးနေရာတွင် အစားထိုးခန့်ထားခြင်း။

သူတို့ က ရွှန်မေယာဆိုသည့် လူငယ်ကလေးကို မှတ်မှတ်ရရရှိနေသည် ။ သည် ချာတိတ်က ဘယ်လိုအလုပ်မျိုးပဲခိုင်းသည် ဖြစ်စေ လိုလိုချင်ချင် တက်တက်ကြွကြွ လုပ်တတ်သူတစ်ဦးဖြစ်ကြောင်း မှတ်မိနေသည်လေ။

အဝတ်အထည်စတိုးဆိုင်တွင် ရွှန်ရနေသည့်လုပ်ခမှာ သီတင်းတစ်ပတ်လျှင် ၃၅ ဒေါ်လာ။ ယခု ခိုနာအေဂျင်စီက တစ်ပတ်လျှင် ၇၅ ဒေါ်လာ

ပေးမည်ဟု ကမ်းလှမ်းသည် ။ သူ့အား ခေါ်ယူကမ်းလှမ်းသည့်နေ့မှာ သောကြာနေ့။ သူ့အနေဖြင့် တနင်္လာနေ့ စတင်အလုပ်ဝင်ရမည်တဲ့ ။

မေယာ၏ ဆက်သားအလုပ်အကိုင် တာဝန်ထဲတွင် ပေါလ်ခိုနာလိုအပ်လျှင် မော်တော်ကားမောင်းပေးရသည့် တာဝန်လည်း ပါသည် ။ ပေါလ်ခိုနာက အောင်မြင်ကျော်ကြားသည့် ကိုယ်စားလှယ်တစ်ဦး။ ဟောလိဝုဒ်တွင် လျှမ်းလျှမ်းတောက် အောင်မြင်ကျော်ကြားနေသည့် ဂျွန်ဟတ်စ်တန်၊ ဘီလီဝီလ်ဒါး၊ ချားလ်စ်ဘရွန်ဆန်နှင့် လာနာတာနာတို့လို ရုပ်ရှင်လောကမှ ငွေကြယ်ပွင့်များကို ကိုယ်စားပြုနေရသူ။

ပေါလ်ခိုနာ၏ မော်တော်ကားကို မောင်းနေစဉ်တွင် မေယာက လမ်းကိုကြည့်ဖို့ မျက်စိတွေကိုအသုံးချသည် ။ နားရွက်တွေကိုတော့ ကားနောက်ခန်းမှ ပြောဆိုဆွေးနွေးချက်များကို နားထောင်ဖို့ အသုံးချသည် ။

"ပေါလ်က အလုပ်ကိစ္စတွေကို သူ့ကားထဲမှာ ပဲ ပြောဆိုဆွေးနွေးတာဗျ။ ဒီတော့ ဒီလုပ်ငန်းအကြောင်း ကျွန်တော် နားရည်ဝပြီး တတ်မြောက်လာတာပေါ့။ ဒါတင်မဟုတ်သေးဘူး၊ အရေးပါအရာရောက်တဲ့ လူတွေနဲ့ လည်း သိကျွမ်းလာတယ်လေ"

စိတ်ထားပြည့်ဝပြီး သဘောကောင်းသည့် အလုပ်ရှင်နှင့် တွဲဖက်လုပ်ကိုင်ခွင့် ရသည့်အတွက် မေယာကံကောင်းပါသည် ။ နောက်ပြီး သူကလည်း လိမ္မာပါးနပ်သူ တစ်ဦးပေပဲ။ သူကရရှိခဲ့သည့် အတွေ့အကြုံများကို အကျိုးရှိအောင် အသုံးချတတ်သူ ဖြစ်၏။ ပေါလ်ခိုနာယာဉ်မောင်းအဖြစ် အမှုထမ်းနေသည့်ခြောက်နှစ်တာကာလအတွင်း မေယာသည် ပေါလ်ခိုနာ၏ ညာလက်ရုံးတစ်ဦးဖြစ်လာသည် ။ ထိုအချိန်တွင် ကိုယ်စားလှယ်လုပ်ငန်းအကြောင်း မေယာတော်တော်ကြီး သိနေပြီ။ သို့ပေမဲ့ သည် လောက်ဖြင့် မလုံလောက်

က်သေး။ သူ့အနေဖြင့် လေ့လာစရာ၊ သင်ယူဆည်းပူးစရာတွေ အများကြီးရှိသေးသည် ။

သူက သူ့ကိုယ်သူ ကိုယ်စားလှယ်တစ်ဦး ဂိုက်ဖမ်းသည် ။ ပြီးတော့ ရုပ်မြင်သံကြားလောကတွင် အအောင်မြင်ဆုံးဖြစ်သည့် ဝီလျံမောရစ်ကိုယ်စားလှယ်လုပ်ငန်းတွင် အလုပ်ဝင်လုပ်သည် ။ ညဘက် ညဘက် အချိန်တန်လို့ အခြားလူတွေပြန်ကြသော်လည်း မေယာကမပြန်။ သူက သူ့ဆရာရင်း၏ လုပ်ငန်းစဉ်များကို စီစစ်စိတ်ဖြာ လေ့လာသည် ။ နောက်ပြီး မိမိဆိုလျှင် မည်သို့မည်ပုံ ပြုလုပ်မည်ဖြစ်ကြောင်း ကြံဆကြည့်သည် ။ တွက်ချက်ကြည့်သည် ။

၁၉၇၀ ပြည့်လွန်နှစ်များ ရောက်တော့ ကိုယ်စားလှယ်လုပ်ငန်းနယ်ပယ်ထဲတွင် မေယာ သိကျွမ်းဆက်ဆံသူတွေ တော်တော်များများ ရှိနေပြီ ။ သူ့အား အလုပ်အပ်သူများ ထဲတွင် ဆယ်လီ စထရပ်သားစ် နှင့် ရော့ဘ်ရိန်နာတို့ ပါဝင်သည် ။ ခုတော့ သိသာထင်ရှားလာပါပြီ။ သူ၏ လုပ်ငန်းနယ်ပယ်တွင် မေယာသည် ခေါင်းဆောင်တစ်ဦး ဖြစ်နေလေပြီ။

သူက ဝီလျံမောရစ်အဖွဲ့တွင် ငါးနှစ်ကျော် အမှုထမ်းသည် ။ ထို့ထက်ကြာအောင် ဆက်လက်အမှုထမ်းရမည်ဆိုလျှင်လည်း ပျော်ပျော်ကြီး အမှုထမ်းနေမည်သာ။ သို့သော် ကံကြမ္မာလူလှည့်စားက အကျိုးစားသန်ခဲ့လေသည် ။ သူ့ဆရာရင်း ဝီလျံမောရစ် အလုပ်ပြုတ်သွားခြင်း။ ဤစိတ်မကောင်းစရာဖြစ်ရပ်က မေယာအနေဖြင့် ကိုယ်ပိုင်လုပ်ငန်းတစ်ခု တည်ထောင်ဖြစ်အောင် အကြောင်းဖန် လာလေသည် ။ ဝီလျံကုမ္ပဏီမှ လုပ်ဖော်ကိုင်ဖက်လေးဦးနှင့် ပူးပေါင်းပြီး အနုပညာဖန်တီးရှင်များ ကိုယ်စားလှယ်အဖွဲ့ ကို ၁၉၇၅ ခုနှစ်တွင် တည်ထောင်သည် ။ သူတို့ အဖွဲ့ အကြီးအကျယ်အောင်မြင်သည် ။ ဟောလိဝုဒ်

၏ အထင်ကရ မင်းသား၊ မင်းသမီးများ ဖြစ်သော ဘာဘရာ စထရိုက်ဆင်း၊ ရှား၊ မဒေါ်နား၊ တွမ်ဟန့်ခ်၊ တွမ်ခရုစ်တို့ သည် အနုပညာဖန်တီးသူများ ကိုယ်စားလှယ်အဖွဲ့၏ အလုပ်ရှင်များ ဖြစ်လေသည် ။ သို့ဖြစ်သော်လည်း သူတို့ ငါးဦးသည် ကျုံးရုန်းပြီး အားထုတ်လုပ်ကိုင်ကြရသည် ။ ကုမ္ပဏီတည်ထောင်ပြီး ပထမနှစ်နှစ်အတွင်း သူတို့ တစ်ဦးမျှ လခမယူကြ။

သို့သော် မေယာတွင် အားသာချက်တစ်ချက်ရှိနေသည် ။ ဤလုပ်ငန်းအကြောင်းသူ့လောက် ခြေခြေမြစ်မြစ်သိသူမရှိ။ သူ့လောက် ထဲထဲဝင်ဝင် သိနားလည်သူ တော်တော်နည်းသည် ။ နောက်ပြီး သူ့လောက် ကျွမ်းကျင်လိမ္မာစွာလုပ်ကိုင်တတ်သူလည်း မရှိသလောက်ရှားသည် ။ မေယာက တစ်နေ့တစ်လံပုဂံဘယ်ရွှေ့မလဲ ဆိုသောဖွဲ့မျိုးဖြင့် သူ့ကုမ္ပဏီကို ကျားကုတ်ကျားခဲ ထူထောင်သည် ။ သူကသူ့လုပ်ငန်းကွန်ယက်ကို အမြဲဖြန့်ကြက်နေသည် ။ သူလက်လှမ်းမီသရွေ့ သူထိတွေ့လို့ ရသရွေ့ ပွဲလမ်းသဘင်များ သို့သွားသည် ။ ညှော့ခံပွဲတွေ၊ ညစာစားပွဲတွေ၊ ရုပ်ရှင်အထူးပွဲတွေ၊ ဗီဒီယိုဇာတ်ကားအထူးပွဲတွေ...တစ်ခုမျှမလွတ်စေရ။

သူတို့ အဖွဲ့ကို အလုပ်အပ်သည့် အဓိကရ ရုပ်ရှင်သရုပ်ဆောင်တွေထဲတွင် ဖာရာဖောဆက်နှင့် ကိတ်ဂျက်ဆန်တို့ လည်း ပါဝင်သည် ။ သို့သော် ရော့ကီနှင့် ရမ်ဘိုဇာတ်ကားများ ဖြင့် လျှမ်းလျှမ်းတောက် အောင်မြင်လာသည့် ဆီလ်ဗက်စတာစတောလုံးကပါ သူတို့ ကုမ္ပဏီကိုငှားပြီဆိုသော အခါမှာ တော့ သူတို့ ကုမ္ပဏီသည် ထိတ်ထိတ်ကြဲ မဟာကုမ္ပဏီကြီးဖြစ်လာတော့၏။

"စတောလုံးလို မင်းသားရဲ့ ကိုယ်စားလှယ်လုပ်ခွင့်ရတယ်ဆိုတာ တကယ့်မဟာ အခွင့်အရေးကြီးပဲ။ အဲဒီကစပြီး ကျွန်တော်တို့ ကို အလုပ်အ

ပ်သူတွေထဲမှာ မိုက်ကယ်ဒေါက်ဂလပ်စ်၊ ဂိုလ်ဒီဟောန် နဲ့ ဂျက်စီကာလ န်းတို့ ပါ ပါဝင်လာတော့တာပဲဗျို့"

နှောင်နှစ်ပေါင်းနှစ်ဆယ်ကြာသောအခါမှာ တော့ ယူနီဗာဆယ် ရုပ်ရှင်ကုမ္ပဏီကို ကြီးကြပ်ကွပ်ကဲဖို့ မေယာအားရွေးချယ်ခန့်အပ်ခြင်းခံရလေသည် ။ သူငယ်စဉ်က စိတ်ကူးယဉ်အိပ်မက်ပင် မမက်ဝံ့သည့်ရာထူးမျိုး။ သို့သော် ကြိုးစားလျှင်အောင်မြင်နိုင်သည် ဆိုသော အသိကိုရသည်နှင့် တစ်ပြိုင်နက် သူက အောင်မြင်မှုကို မရရအောင် ကျားကုတ်ကျားခဲ အားထုတ်တော့၏။ ခုတော့ လူတွေက သူ့ကိုယုံကြည်စိတ်ချမှုရှိနေပြီ။ ပြီးတော့ သူနှင့်ပတ်သက်လာလျှင် အကောင်းမြင်ကြသည် ။ အကောင်းပြောကြသည် ။ ဘာပဲဖြစ်ဖြစ် သူ့အပေါ်ထားရှိသည့် လူတွေ၏ သဘောထားအမြင်ကလည်း သူ့အတွက် အရေးကြီးသည် လေ။

နောက်ကြောင်းကိုပြန်လှည့်ကြည့်တော့ ဆင်းရဲနုံခြာလှသော သူ၏ ငယ်ဘဝကို တွေ့ရသည် ။ ထိုအခြေအနေများကို သူဘယ်တော့မျှမမေ့။ မေ့လို့ ရမည်လည်း မဟုတ်။ ခုချိန် ခုခါမှာ တော့ သူ့လုပ်ဖော်ကိုင်ဖက်များက သူ့အောင်မြင်မှုများကို ချီးကျူးလို့ မဆုံး။ နောက်ပြီးသူ၏ ရိုကျိုးနှိမ့်ချမှုနှင့် ဖွဲနပဲကြီးမှုကိုလည်း လေးစားကြသည် ။ အားကျကြသည် ။ သူရောက်နေသည့် အောင်မြင်မှု အဆင့်မျိုးသို့ ရောက်ရှိလိုသည် ဆိုလျှင် ဖွဲခတ်ကြိုးစားနိုင်ရမည်။ ကိုယ်ရည်ကိုယ်သွေးကောင်းရမည်။ ဉာဏ်ရည်ထက်မြက်ရမည်။ ထိုအရည်အချင်းများကို ကျောင်းမှာ ပညာသင်ရင်းရခဲ့သည် ဖြစ်စေ... လမ်းတကာမှာ လှည့်လည်တေပေလေလွင့်ရင်း ရခဲ့သည် ဖြစ်စေ... ဘယ်နည်းဖြင့် ရခဲ့သည် ဆိုတာ အရေးမကြီး။ အရေးကြီးသည် မှာ မိမိတွင် ကိုယ်စွမ်းကိုယ်စတွေ ရှိနေဖို့ ပင်။

အောင်မြင်မှုတွေရဖို့ ရွေးချယ်မှုတွေ မှန်ကန်ဖို့ လိုသည် ။ မှန်ကန်သောရွေးချယ်မှုတစ်ခု ပြုလုပ်နိုင်ရန် သတ္တိရှိဖို့ လို၏။ နောက်ပြီး ၎င်းရွေးချယ်မှုကို စွဲမြဲစွာ ဆုပ်ကိုင်အကောင်အထည်ဖော်နိုင်အောင် လက်တွေ့ကျကျ စဉ်းစားတွေးခေါ်တတ်ဖို့ လိုသည် ။ နောက်ပြီး လုပ်ရဲကိုင်ရဲရှိဖို့ လည်း လိုပါသည် ။

AGAINST THE ODDS by MARIA BARTIROMO

R.D July, 2006

*****